မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

နေ့စဉ်ဈေးကွက်သတင်းလွှာ

February 6 , 2025 | Volume 87, Number 4


၆.၂.၂၀၂၅

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၁၇၅.၇၁ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၅၁.၉၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၁၄.၈၂ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၁၄.၀၈ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၈.၁၀ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၉၈ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၄.၈၂ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၃.၄၅ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၂.၁၀ ကျပ် |

Source: CBM Rate, etrademyanmar.com


CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## ကော်ဖီသီးများ အရောင်းအဝယ်ဖြစ်နေ




ဈေးကွက်အတွင်း ကော်ဖီသီးများအရောင်းအဝယ်ဖြစ်နေကြောင်း ကော်ဖီစိုက်တောင်သူများထံက သိရသည်။

လက်ရှိတွင် ကော်ဖီသီးများ ရင့်မှည့်ပြီဖြစ်၍ စတင်ဆွတ်ခူးနေပြီဖြစ်ပြီး ကော်ဖီသီးများကို ကျေးရွာများအထိ အိမ်အရောက် လာရောက်ဝယ်ယူလျက်ရှိကြောင်း သိရသည်။

"တချို့ကော်ဖီခြံတွေမှာ ရင့်မှည့်လို့ခူးနေကြပြီး ကော်ဖီသီးတွေ ဈေးကောင်းရရှိလို့ တချို့လှောင်ပြီး အခြောက်လှန်းဖို့ဝယ်ကြတာ၊ကော်ဖီသီးတွေ ဈေးကောင်းရရှိလာတယ်လို့ ပြောရမယ်"ဟု ကရင်ပြည်နယ် သံတောင်မြို့မှ ကော်ဖီစိုက်တောင်သူတစ်ဦးက ပြောသည်။

လက်ရှိကော်ဖီသီးတစ်ပုံလျှင် ၆၀,၀၀၀ကျပ်အထိ ဈေးကောင်းရနေကြောင်း သံတောင်မြို့မှကော်ဖီစိုက်တောင်သူများထံက သိရသည်။

အဆိုပါကော်ဖီသီးများကို အခြောက်လှန်း၍သော်လည်းကောင်း၊ အမှုန့်ကြိတ်၍သော်လည်းကောင်း သိုလှောင်ကာ ပြည်ပနှင့်ပြည်တွင်းဈေးကွက်သို့ ဖြန့်ဖြူးလျက်ရှိကြောင်း သိရသည်။

"ရှာင်ကော်ဖီက ရာသီအစမှာ တစ်ပြည်ကို ငါးထောင်ကနေ ခြောက်ထောင်အထိ တက်သွားတယ်၊အခုတစ်ပြည်ကို ခုနှစ်ထောင်အထိတက်သွားတယ်၊ ရှမ်းပြည်မှာ ရှာင်ကော်ဖီဈေးအကောင်းဆုံးပဲ"ဟု ရှမ်းပြည်နယ်ရှာင်မှ ကော်ဖီစိုက်သူတစ်ဦးကပြောသည်။

မြန်မာနိုင်ငံကော်ဖီအသင်းအနေဖြင့် မြန်မာနိုင်ငံကို ကော်ဖီအမြောက်အမြားတင်ပို့သော နိုင်ငံတစ်နိုင်ငံအဖြစ် အသိအမှတ်ပြုလာစေရန်အတွက် စီမံချက်ရေးဆွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။


မြန်မာနိုင်ငံတွင် ၁ နှစ်လျှင် ကော်ဖီတန်ချိန် ၉၀၀၀ ကျော်ထွက်ရှိပြီး ပြည်ပသို့ နှစ်စဉ်တန်ချိန် ၅၀၀၀ ကျော် တင်ပို့လျက်ရှိကြောင်း မြန်မာနိုင်ငံကော်ဖီစိုက်ပျိုးထုတ်လုပ်သူများအသင်းက သိရသည်။

မြန်မာ့ကော်ဖီအား အမေရိကန်ပြည်ထောင်စု၊ဥရောပနိုင်ငံများကိုအဓိကတင်ပို့ရောင်းချလျက်ရှိပြီး ဂျပန်၊ တောင်ကိုရီးယားနှင့်ကနေဒါ၊ထိုင်းစသည့် အိမ်နီးချင်းနိုင်ငံများအား တင်ပို့ရောင်းချလျက်ရှိကြောင်းလည်း သိရသည်။

မြန်မာ့ကော်ဖီကို ရှမ်း၊ ဟိုပုံး၊ နောင်ချို၊ ပြင်ဦးလွင်၊ မိုးကုတ်မြို့၊ ကရင်ပြည်နယ်တို့တွင် အဓိကစိုက်ပျိုးလျက်ရှိပြီး တစ်နှစ်လျှင် ပြည်တွင်း၌ ကော်ဖီစေ့တန်ချိန် ၄၀၀၀ မှ ၆၀၀၀ အထိ ထွက်ရှိကြောင်းသိရသည်။

Source : https://htwettoe.com/

## ဆောင်းမြေပဲများပေါ်ခါနီး၍ ပြည်ဈေးကွက်တွင် မြေပဲဆန်ဈေးများအနည်းငယ်မြင့်တက်လာ



ပြည်ခရိုင်တွင် ဆောင်းသီးနှံမြေပဲများ မကြာမီအချိန်ကာတွင် ထွက်ပေါ်လာတော့မည်ဖြစ်ပါသည်။

ဇန်နဝါရီလနောက်ဆုံးပတ်တွင် ပြည်မြို့ရှိပွဲရုံများနှင့် ဈေးကွက်များသို့ ပန်းတောင်းမြို့နယ်နှင့်ရွှေတောင်မြို့နယ်တို့မှ မြေပဲဆန်များ နေ့စဉ် ပိဿာ၂၀ ဝင်အိတ် ၄၀၀ - ၅၀၀ ခန့်ဝင်ရောက်လျက်ရှိသည်။

ဝင်ရောက်လာသော မြေပဲဆန်များမှ ဆီဆန်နှင့်ရွေးဆန်ကို မြို့တွင်း ဆီစက်များကအဝယ်ရှိပြီး လုံးဆန်ကို လုပ်ငန်းရှင်သမားများနှင့် ရန်ကုန်ဝယ်လက်များကဝယ်ယူမှုရှိ၍ အရောင်းအဝယ်မှာ နေ့စဉ်ဖြစ်လျက်ရှိပါသည်။

ဈေးနှုန်းများအနေဖြင့် မြေပဲဆီဆန်အဖြူတစ်ပိဿာလျှင် ၈၅၀၀ကျပ်၊ အနီတစ်ပိဿာလျှင် ၈၄၀၀ကျပ်နှင့် မြေပဲလုံးဆန်အဖြူ တစ်ပိဿာလျှင် ၈၈၀၀ကျပ်၊ အနီတစ်ပိဿာလျှင် ၈၇၀၀ကျပ်ဖြင့် ဇန်နဝါရီနောက်ဆုံးပတ်တွင် ပြည်မြို့ရှိ ပွဲရုံများနှင့် ဈေးကွက်များတွင် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။


ယခင်နှစ်ကုန်ပိုင်းဖြစ်သော ဒီဇင်ဘာလနောက်ဆုံးပတ်နှင့် နှိုင်းယှဉ်ကြည့်လျှင် တစ်ပိဿာလျှင် ၅၀၀ ကျပ်ခန့် ဈေးအနည်းငယ် မြင့်တက်လာတာ တွေ့ရသည်။

ဈေးနှုန်းများအနည်းငယ်မြင့်တက်လာရခြင်းမှာ ဆောင်းမြေပဲများပေါ်ခါနီး၍ ဈေးကွက်တွင် ဝင်ရောက်မှုနည်းသွားသဖြင့် ဈေးနှုန်းများမြင့်တက်လာရခြင်းဖြစ်ကြောင်း သိရသည်။

**Source : DOCA** ပဲခူး

https://www.doca.gov.mm/

## ကွမ်းရွက်ဈေးနှုန်းနှင့် ဈေးကွက်အခြေအနေ



ကွမ်းရွက်ကိုတနင်္သာရီတိုင်းဒေသကြီး၊မြိတ်မြို့တွင်အိမ်တွင်းတစ်နိုင်တစ်ပိုင်လုပ်ငန်းအဖြစ် စိုက်ပျိုးလျက်ရှိပြီး အခြားမြို့နယ်များသို့လည်းတင်ပို့ရောင်းချလျက်ရှိသည်။

အဓိကအားဖြင့် ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးသို့ တင်ပို့ရောင်းချလျက်ရှိသည်။

ကွမ်းရွက်ဈေးကွက်ကိုကြည့်လျှင် မြိတ်မြို့တွင် ကွမ်းချော၊ ကွမ်းကြမ်းဟူ၍ နှစ်မျိုးရှိနေပြီး ကွမ်းချောယာကွမ်းကို အဓိက စိုက်ပျိုးလျက်ရှိသည်။

ကွမ်းချော တစ်ခါခူးလျှင် အပင်သစ်ဖြစ်ပါက ၁၅ ရက်တစ်ကြိမ်ခူးလေ့ရှိပြီး အပင်အို(ဟောင်း)ဖြစ်ပါက တစ်လ တစ်ကြိမ်ခန့်သာ ခူးကြကြောင်းသိရသည်။

ကွမ်းရွက်ဈေးနှုန်းမှာ ယခင်က ဈေးနှုန်းအသင့်အတင့်သာရရှိသော်လည်း ၂၀၂၅ခုနှစ်၊ ဇန်နဝါရီလနောက်ဆုံးပတ်နှင့် ဖေဖော်ဝါရီလအစများတွင် ဈေးကောင်းရရှိလာခဲ့ကြောင်း သိရသည်။

ကွမ်းရွက်လက်ကားဈေးနှုန်းမှာ တစ်စည်းလျှင် ၆၀၀ ကျပ် ခန့်ရှိရာမှ ဖေဖော်ဝါရီလအစတွင် ၁၂၀၀ ကျပ် ထိဈေးနှုန်းရရှိနေကြောင်း သိရသည်။

ကွမ်းရွက်တစ်စည်းတွင် အရွက် ၅၀ ပါရှိပြီး ကွမ်းချောယာကွမ်းအရွက်ကြီး လက်ကားဈေးတစ်စည်းလျှင် ၁၂၀၀ ကျပ်၊ ကွမ်းချောအငယ် လက်ကားဈေးတစ်စည်းလျှင် ၅၀၀ ကျပ်နှင့် လက်ကားကွမ်းကြမ်းတစ်စည်းလျှင် ၄၀၀ ကျပ်ခန့်ရှိနေကြောင်း အခြားတိုင်းဒေသကြီး၊ ပြည်နယ်များနှင့် လက်လီတင်ပို့ရောင်းချပါက အရွက်ကြီးတစ်စည်းလျှင် ၁၅၀၀ ကျပ်၊ အငယ်တစ်စည်း လျှင် ၈၀၀ ကျပ်ဖြင့် ရောင်းချလျက်ရှိကြောင်း သိရသည်။

***Source: DOCA*** တနင်္သာရီ

https://www.doca.gov.mm/

## ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ကင်းမွန်ပိသာချိန် ပိုမိုတင်ပို့ရောင်းချနိုင်ခဲ့



ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ကင်းမွန်ပိသာချိန် ပိုမိုတင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ်ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်တစ်ဦးက ပြောပြသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလက ကင်းမွန်ပိသာချိန် ၅၀,၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခုနှစ်ဇန်နဝါရီ ၁ ရက်မှ ၃၁ ရက်ထိ ကင်းမွန်ပိသာချိန် ၇၆,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ကင်းမွန် တစ်ပိသာလျှင် ၂၁,၀၀၀ မှ ၂၇,၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ဖျာပုံဒေသကနေ ရန်ကုန်ဈေးကွက်ကို ရေထွက်ကုန်တွေ ပုံမှန်တင်ပို့ရောင်းချနေပါတယ်။ လက်ရှိ ကင်းမွန်တွေ အဝင်များ နေပါတယ်။ အရင်ကထက် တင်ပို့အားကောင်းပါတယ်။ ပွင့်လင်းရာသီရောက်တာနဲ့ အခုထက် ပိုမိုတင်ပို့ရောင်းချရဖို့ရှိပါတယ်။ ဒီဇင်ဘာလထက် ဇန်နဝါရီလအတွင်း ကင်းမွန်ပိသာချိန်တော်တော်များများ ပိုမို တင်ပို့ရောင်းချခဲ့ရပါတယ်။ ကုန်များများတင် ပို့ရောင်းချရတော့ ရေလုပ်ငန်းနဲ့ဆက်စပ်တဲ့ လုပ်ငန်းတွေ အဆင်ပြေတာတွေ့ရပါတယ်" ဟု ၎င်းက ပြောပြသည်။

ကင်းမွန်များကို စနစ်တကျသန့်စင်ပြီး ရန်ကုန်ဈေးကွက်သို့တင်ပို့ရောင်းချကာရန်ကုန်ဈေးကွက်မှတစ်ဆင့် တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့သို့ဆက်လက်တင်ပို့ရောင်းချလျက်ရှိကြောင်း၊အဆိုပါကင်းမွန်များ ရောင်းအားကောင်းလာသည့်အတွက် ကုန်သည် များ၊ ရေလုပ်သားများ၊ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**Source: ရတနာပုံ သတင်းစာ**

https://myantrade.gov.mm/

## FTCCI Experiential Tourism MICE Fair 2025 ပြပွဲ ကျင်းပမည်

အိန္ဒိယနိုင်ငံ၊တယ်လန်ဂါနားပြည်နယ်ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် Federation of Telegana Chambers of Commerce & Industry FTCCI, India မှ ကြီးမှူး၍ "FTCCI Experiential Tourism MICE Fair 2025" ကို ၂၀၂၅ ခုနှစ်၊ မေလ ၂၆ ရက်နေ့မှ ၂၇ ရက်နေ့အထိ ကျင်းပမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် ရိုးရာယဉ်ကျေးမှုများကြွယ်ဝ၍ လှပသည့်နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ထူးခြားသောဘုရားပုထိုးများ၊ တမူထူး ခြားသော သဘာဝရှုခင်းမြင်ကွင်းများနှင့် ယဉ်ကျေးမှုအမွေအနှစ်များကြောင့် ကျော်ကြားသည့်နိုင်ငံတစ်နိုင်ငံဖြစ်ပါကြောင်းနှင့်

မြန်မာနိုင်ငံသည်ယဉ်ကျေးမှုနှင့်သဘာဝအလှတရားတို့ကို အကောင်းဆုံးဖော်ထုတ်ပြသလျက်ရှိကြောင်း၊ FTCCI Experienti al Tourism MICE Fair 2025 ပြပွဲတွင် မြန်မာနိုင်ငံ၏ခရီးသွားလုပ်ငန်းအခွင့်အလမ်းများနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ပြခြင်းဖြင့် ကမ္ဘာလုံးဆိုင်ရာချိတ်ဆက်မှုများနှင့် ပူးပေါင်းဆောင်ရွက်မှုများအတွက်အထူးအခွင့်အလမ်းများရရှိစေမည်ဖြစ်သည်။

အဆိုပါပြပွဲသို့ ပါဝင်ပြသလိုသည့် မြန်မာစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ၊ ဖုန်း ၀၆၇ ၄၀၈၆၂၂၊ E-mail: event.td.myantrade @gmail.com သို့ ဆက်သွယ်စုံစမ်းစာရင်းပေးသွင်းနိုင်ပါကြောင်း သတင်းရရှိသည်။

Source : https://myantrade.gov.mm/

## ပြည်ပပို့ကုန်ဆန်ဈေးကျဆင်းပေမဲ့ ပြည်တွင်းဆန်ဈေး ကျဆင်းခြင်းမရှိ




ပြည်ပတင်ပို့တဲ့ ဆန်အမျိုးအစားတွေ ဈေးနှုန်းကျဆင်းနေပေမဲ့ ပြည်တွင်းဆန်ဈေးကွက်မှာပြည်တွင်းစား ဆန်အမျိုးအစားတွေကတော့ ဈေးနှုန်းကျဆင်းမှုမရှိသေးဘူးလို့ ဆန်ကုန်သည်တွေဆီက သိရပါတယ်။

ကမ္ဘာ့ဆန်ဈေးကွက်မှာ ဆန်တင်ပို့တဲ့ ပြည်ပနိုင်ငံတွေက ဆန်ဈေးကို လျှော့ချရောင်းနေတာကြောင့် မြန်မာနိုင်ငံကတင်ပို့တဲ့ ဆန်အမျိုးအစားတွေကဈေးနှုန်းအရဈေးကွက်မှာမယှဉ်နိုင်တဲ့အတွက် ဈေးတန်းကျဆင်းလာနေတာဖြစ်တယ်လို့ သိရပါတယ်။

"ဆန်ထွက်တဲ့ တခြားနိုင်ငံတွေက ဈေးချရောင်းတော့ မြန်မာနိုင်ငံကိုလဲ ရိုက်ခတ်ပါတယ်။ ဒီမှာက ၂၅ ရာခိုင်နှုန်း နဲ့ ၇၅ ရာခိုင်နှုန်းနဲ့exchange rate ရှိနေတော့ ချရောင်းဖို့ အတော်ခက်ပါတယ် "လို့ ဆန်ကုန်သည်တစ်ဦးက မှတ်ချက်ပြုပါတယ်။

ပြည်ပကို ဆန်တင်ပို့မှုအနေနဲ့ ပို့ကုန်ရငွေအပေါ်လဲလှယ်ပေးရတဲ့ ငွေကြေးရာခိုင်နှုန်းကို ဖြေလျှော့ပေးခြင်း၊ တရုတ်နယ်စပ်ဂိတ်တွေထဲကမှ မူဆယ်/ ချင်းရွှေဟော်ဂိတ်အပါအဝင်ကုန်သွယ်ရေးအတွက် အဓိကကျတဲ့ နယ်စပ်ဂိတ်တွေဖွင့်လှစ်နိုင်ဖို့လိုအပ်နေတယ်လို့ သိရပါတယ်။

" အိန္ဒိယနိုင်ငံလို ကမ္ဘာ့ဆန်တင်ပို့မှု အများဆုံးနိုင်ငံတစ်ခုကတောင် ဆန်ရောင်းချင်လို့ ကမ္ဘာ့နိုင်ငံအသီးသီးမှာ လျှော့ဈေးနဲ့ဈေးဗန်းလိုက်ခင်းနေချိန် ဈေးကွက်အနေအထားအရဆန်ဈေးက တက်စရာမရှိဘူး။ တက်စရာက နှစ်နည်းပဲရှိတယ်။ ဒါပေမဲ့ ဒီနှစ်ခုကလည်း သိပ်မမျှော်လင့်ရဲဘူး။ ဆန်ဈေးကွက်မှာ မညီမျှခြင်းက ပြည်တွင်းစားဆန်ဈေးမကျဘဲ တောင်သူအများစု နယ်စုံဒေသစုံ စိုက်ပျိုးကြတဲ့ Export ဆန်ဈေးထိုးကျခြင်းပါပဲ "လို့ ၎င်းက ထပ်မံပြောပါတယ်။

ပြည်ပကို အဓိကတင်ပို့နေတဲ့ ဆန်အမျိုးအစားတွေက ကရင်မဆန်၊ ငွေတိုးရင် စတဲ့ ဆန်အမျိုးအစားတွေ ပါဝင်တယ်လို့ သိရပါတယ်။ export ဝင်ဆန်အမျိုးအစားတွေ ဈေးကျပေမဲ့ ပြည်တွင်းစားသုံးတဲ့ ဆန်တွေကတော့ ဈေးကျခြင်းမရှိသေးဘူးလို့ သိရပါတယ်။ ပြည်တွင်းစားဆန်တွေကတော့ ဆန်အသစ်တွေက အနိမ့်ဆုံး တစ်ပြည်ကို ၃၆၀၀ ကျပ်ရှိပြီး ဆန်အဟောင်းက ၄၀၀၀ ကျပ်ရှိနေပါသေးတယ်။

အလားတူ ရွှေဘိုပေါ်ဆန်းမွှေးထူးထူးရှယ် အိုးဝင်ဆန်အဟောင်းတွေကလည်း ၂၄ ပြည်တစ်အိတ်ကို ၂၀၀,၀၀၀ ကျပ်ရှိပြီး မကွေးတိုင်း*ဒေသကြီး၊* စလင်းနဲ့ ကုန်းဇောင်းကထွက်တဲ့ ရေပဒေသာဆန်တွေကလည်း အဟောင်းတစ်အိတ်ကို ၁၇၀,၀၀၀ ကျပ်ရှိပြီး ဆန်အသစ်တွေက ၁၃၀,၀၀၀ ကျပ်ရှိတယ်လို့သိရပါတယ်။ ရေဝတီတိုင်းထွက် ဆန်အမျိုးအစားတွေကတော့ အနိမ့်ဆုံး ၁၀၀,၀၀၀ ကျပ်အထက်မှာပဲရှိတယ်လို့ သိရပါတယ်။

**Source : (AMIA)**

**Myanma Awba**

## အိုမန်နိုင်ငံ၏ရေနံတင်ပို့မှုသည် ၂၀၂၄ ခုနှစ်တွင်စည်ပေါင်း ၃၀၈ ဒသမ ၄၂ သန်းအထိ ရောက်ရှိခဲ့



အိုမန်နိုင်ငံ၏ ရေနံတင်ပို့မှုသည် ၂၀၂၄ ခုနှစ်တွင် စည်ပေါင်း ၃၀၈ ဒသမ ၄၂ သန်းခန့်ရှိပြီးတစ်စည်လျှင်ပျမ်းမျှဈေးနှုန်း ၈၁ ဒသမ ၂ ဒေါ်လာ ရှိကြောင်းအမျိုးသားစာရင်းအင်းနှင့်သတင်းအချက်အလက်ဗဟိုဌာန(NCSI) မှဖေဖော်ဝါရီ ၁ ရက်ကထုတ်ပြန်သည့်စာရင်းဇယားများအရ သိရသည်။

နိုင်ငံ၏စုစုပေါင်းရေနံထုတ်လုပ်မှုမှာစည်ပေါင်း ၃၆၃ ဒသမ ၂၈ သန်းရှိပြီး ၎င်းစုစုပေါင်းမှ ၈၄ ဒသမ ၉ ရာခိုင်နှုန်းအား တင်ပို့လျက်ရှိသည်။

ရေနံစိမ်းထုတ်လုပ်မှုမှာ ခန့်မှန်းခြေ စည် ၂၇၈ ဒသမ ၁၉ သန်းမှ ၆ ဒသမ ၅ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး ကွန်ဒန်ဆိတ်ထုတ်လုပ်မှုမှာ စည်ပေါင်း ၈၅ ဒသမ၂၆ သန်းအထိရှိခဲ့သည်။

၂၀၂၄ ခုနှစ် ဒီဇင်ဘာ လအထိနိုင်ငံ၏ ပျမ်းမျှနေ့စဉ်ရေနံထွက်ရှိမှုသည် စည်ပေါင်း ၉၉၂,၆၀၀ ဖြစ်သည်။

NCSI ၏ အဆိုအရတရုတ်နိုင်ငံသည် အိုမန်နိုင်ငံမှ ရေနံများအား အများဆုံးတင်သွင်းနေသော နိုင်ငံဖြစ်ပြီး ၂၀၂၄ ခုနှစ်တွင် စည်ပေါင်း ၂၈၉ ဒသမ ၂၁ သန်းတင်သွင်းခဲ့ကာ ၂၀၂၃ ခုနှစ်ကတင်သွင်းသည်ထက် ၁ ဒသမ၃ ရာခိုင်နှုန်းတိုးလာခဲ့သည်။

၎င်း၏နောက်တွင် တောင်ကိုရီးယားနိုင်ငံမှ စည်ပေါင်း ၅ ဒသမ ၇၆ သန်း၊ ဂျပန်နိုင်ငံမှ ၅ ဒသမ ၆၅ သန်းနှင့် အိန္ဒိယနိုင်ငံမှ ၃ ဒသမ ၄၀ သန်းအသီးသီးတင်သွင်းခဲ့ကြကြောင်း သိရသည်။

**Source : DOCA(ရန်ကုန်)**

https://www.doca.gov.mm/

## ထရမ့်၏ အခွန်တိုးမြှင့်ကောက်ခံမည့် ကြေညာချက်ကြောင့် အာရှနှင့်ပင်လယ်ကွေ့ဒေသများရှိ အစုရှယ်ယာဈေးကွက်များထိုးကျ




အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ အခွန်တိုးမြှင့်ကောက်ခံမည့် ကြေညာချက်ကြောင့် ဖေဖော်ဝါရီလ ၃ ရက်တွင် အာရှနှင့်ပင်လယ်ကွေ့ဒေသများရှိ အစုရှယ်ယာဈေးကွက်များထိုးကျသွားခဲ့ ကြောင်း သိရသည်။

သမ္မတထရမ့်က အမေရိကန်၏ အဓိကကုန်သွယ်ဖက်နိုင်ငံများအပေါ် အခွန်တိုးမြှင့်ကောက်ခံမည်ဟု တရားဝင်ကြေညာခဲ့ပြီးနောက် ဂျပန်၊ ဩစတြေးလျ၊ တောင်ကိုရီးယား၊ ဟောင်ကောင်ရှိ အစုရှယ်ယာဈေးကွက်များ ထိုးကျသွားခြင်းဖြစ်သည်။

ထို့ပြင် ပင်လယ်ကွေ့ဒေသရှိ ဆော်ဒီအာရေဗျအစုရှယ်ယာဈေးကွက် များဖြစ်သည့် Basma Adeem Medical၊ ACWA Power Company၊ Elm Company တို့အပါအဝင် အာရပ်စော်ဘွားများ ပြည်ထောင်စုရှိ ဒူဘိုင်းအစုရှယ်ယာဈေးကွက်၊ အဘူဒါဘီ စတော့ဈေးကွက်နှင့် ကာတာနိုင်ငံတို့တွင်လည်း အစုရှယ်ယာဈေးနှုန်းများ အပြောင်းအလဲ ဖြစ်ပွားခဲ့ကြောင်း သိရသည်။ အစုရှယ်ယာဈေးကွက်များ၌ အပြောင်းအလဲများဖြစ်ပွားရခြင်းသည် ကမ္ဘာ့နိုင်ငံများကြား ကုန်သွယ်ရေးစစ်ပွဲဖြစ်ပေါ်လာနိုင်သည့် မတည်ငြိမ်မှုများကြောင့် ဖြစ်ကြောင်း အကဲဖြတ်သူများက ပြောကြားထားသည်။

အလားတူပင် အမေရိကန်အစိုးရ၏ ကုန်သွယ်ရေး မူဝါဒများကြောင့် အမေရိကန်ပြည်တွင်းရှိ Nasdaq composite နှင့် Dow Jones Industrial Average စသည့် အစုရှယ်ယာ ဈေးကွက်တို့တွင်လည်း ကျဆင်းမှုများဖြစ်ပွားခဲ့ကြောင်း သိရသည်။

**Source :** https://myawady.net.mm/

## အမေရိကန်နိုင်ငံ၏သွင်းကုန်ခွန်ကောက်ခံမှုအပေါ် တရုတ်နိုင်ငံက ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) ၌ တိုင်ကြားခဲ့

တရုတ်နိုင်ငံမှသွင်းကုန်များအား အမေရိကန်နိုင်ငံက သွင်းကုန်ခွန် ၁၀ ရာခိုင်နှုန်းတိုးမြှင့်ကောက်ခံမှုသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ စည်းမျဉ်းများကို ချိုးဖောက်ခြင်းဖြစ်ပြီး ခွဲခြားဆက်ဆံခြင်းဖြစ်သည်ဟု စွပ်စွဲလျက် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) ၌ ၅-၂-၂၀၂၅ ရက်တွင် တရုတ်နိုင်ငံကတိုင်ကြားခဲ့ကြောင်း Wall Street Journal အွန်လိုင်းသတင်း၌ ဖော်ပြခဲ့ပါသည်။

အမေရိကန်နိုင်ငံသည် တရုတ်နိုင်ငံမှ သွင်းကုန်များအပေါ် သွင်းကုန်ခွန် ၁၀ ရာခိုင်နှုန်း ထပ်တိုးကောက်ခံမှုနှင့် အမေရိကန်ဒေါ်လာ ၈၀၀ အောက်ရှိ တန်ဖိုးနည်းပစ္စည်းများအတွက် အကောက်ခွန်ကင်းလွတ်ခွင့်ကို ရုပ်သိမ်းလိုက်ခြင်းကြောင့် WTO ၌ ယင်းသို့ တိုင်ကြားခြင်းဖြစ်ပြီး သွင်းကုန်ခွန်တိုးမြှင့်မှုသည် အခြေအမြစ်မရှိဘဲ လွဲမှားသည့်စွပ်စွဲချက်များတွင် အခြေခံသကဲ့သို့ ၁၉၉၄ ခုနှစ်၊ သွင်းကုန်ခွန်သဘောတူညီချက် (Tariff Agreement) ပါ အမေရိကန်နိုင်ငံ၏ Bound rates ထက် များစွာကျော်လွန်လျက်ရှိသည်ဟု စွပ်စွဲထားကြောင်း ဖော်ပြထားသည်။

အကယ်၍ WTO က အမေရိကန်နှင့်တရုတ်နိုင်ငံတို့အကြားဆွေးနွေးမှုကိုသဘောတူလက်ခံပါက နှစ်နိုင်ငံအကြားကုန်သွယ်ရေးအငြင်းပွားမှုကို ဆွေးနွေးအဖြေရှာနိုင်မည့် အခွင့်အလမ်းရှိမည် ဖြစ်ပြီး ရက်ပေါင်း ၆၀ အတွင်း သဘောတူညီမှုမရခဲ့ပါက ယင်းကိစ္စရပ်အား WTO ၌ တရားသူကြီး အဖွဲ့ Panel of Judges ထံသို့ တင်ပြနိုင်မည်ဖြစ်သည်။

**Source : Wall Street Journal**

**စီးပွားရေးသံမှူး၊ ဝါရှင်တန်ဒီစီ။**

https://myantrade.gov.mm/

## ဂျပန်ကုမ္ပဏီသည် ကမ္ဘောဒီးယား၏ သီဟိုဠ်စေ့ထုတ်လုပ်ရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံရန် မျက်စိကျနေ



ဂျပန်ကုမ္ပဏီ Nippon Koei Business Partners သည် သီဟိုဠ်စေ့နှင့်အခွံများကိုရှာလကာရည်နှင့်ဆီအဖြစ်ပြုပြင်ခြင်းတွင်အသုံးပြုရန်ကမ္ဘောဒီးယားနိုင်ငံ၏သီဟိုဠ်စေ့ ထုတ်လုပ်တင်ပို့ခြင်းကဏ္ဍတွင်ရင်းနှီးမြှုပ်နှံရန်အတွက် စိတ်ဝင်စားမှုကိုပြသခဲ့ပြီး ကျန်ရှိသောစွန့်ပစ်ပစ္စည်းများကို တိရစ္ဆာန်စာအဖြစ် ပြန်အသုံးပြုမည်ဖြစ်သည်။

ကမ္ဘောဒီးယားနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကောင်စီ (CDC)၏ ကမ္ဘောဒီးယားရင်းနှီးမြှုပ်နှံမှုဘုတ်အဖွဲ့ အတွင်းရေးမှူးချုပ် Chea Vuthyနှင့် Nippon Koei Business Partners Co., Ltd ၏ ဒုတိယအထွေထွေမန်နေဂျာTsutomu Tamura တို့ ဇန်နဝါရီလ ၂၉ ရက်နေ့က တွေ့ဆုံစဉ် ကုမ္ပဏီ၏စိတ်ဝင်စားမှုကို ပြောကြားခဲ့သည်။

Tsutomu Tamura က သီဟိုဠ်စေ့ကဏ္ဍတွင် တင်ပို့ရန်အတွက် ရင်းနှီးမြှုပ်နှံရန်အတွက် စိတ်ဝင်စားကြောင်းနှင့် သီဟိုဠ်စေ့စိုက်ပျိုးခြင်းအတွက် အဓိကကျသော ပြည်နယ်များနှင့် သီဟိုဠ်စေ့စိုက်ပျိုးခြင်း၏ အကျိုးကျေးဇူးများကိုပြောကြားခဲ့ပြီး သီဟိုဠ်စေ့ကဏ္ဍ၏အလားအလာနှင့်ပတ်သက်၍ ကိုယ်စားလှယ်အဖွဲ့အား ရှင်းလင်းပြောကြားခဲ့သည်။

(CDC) အနေဖြင့် ကမ္ဘောဒီးယားနိုင်ငံသည်လက်ရှိသီဟိုဠ်စေ့ထုတ်လုပ်ခြင်းလုပ်ငန်းကဏ္ဍကိုဦးစားပေးလုပ်ဆောင်နေသောကြောင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဆုံးဖြတ်ချက်များအမြန်ချနိုင်ရန်ကုမ္ပဏီအားအဓိကတိုက်တွန်းပြောကြားခဲ့ကြောင်း သိရသည်။

**Source: Khmer Times**

**DOCA(ရန်ကုန်)**

https://www.doca.gov.mm/

# STOCK EXCHANGE (6.2..2025)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 6th Feb. 2025

### Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 5,366 (Shares) | 23,039,200 (MMK) |

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,700 | +200 | +2.67% | 7,500 | 7,700 | 7,500 | 1,741 | 13,287,400 | 33,109,694 | 254,945 |
| MTSH | 00002 | 3,000 | -50 | -1.64% | 3,050 | 3,050 | 3,000 | 118 | 357,650 | 38,929,150 | 116,788 |
| MCB | 00003 | 8,200 | +0 | +0.00% | 8,200 | 8,200 | 8,200 | 0 | 0 | 10,400,986 | 85,288 |
| FPB | 00004 | 1,800 | +0 | +0.00% | 1,800 | 1,800 | 1,800 | 11 | 19,800 | 29,664,613 | 53,396 |
| TMH | 00005 | 3,200 | +0 | +0.00% | 3,200 | 3,200 | 3,200 | 0 | 0 | 12,823,224 | 41,034 |
| EFR | 00006 | 1,650 | +0 | +0.00% | 1,600 | 1,650 | 1,600 | 1,266 | 2,042,650 | 19,977,223 | 32,962 |
| AMATA | 00007 | 3,850 | +0 | +0.00% | 3,800 | 3,850 | 3,800 | 590 | 2,246,500 | 10,497,598 | 40,416 |
| MAEX | 00008 | 3,150 | +50 | +1.61% | 3,200 | 3,200 | 3,100 | 1,640 | 5,085,200 | 23,804,946 | 74,986 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 6th Feb. 2025

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 371.02 | +3.11 | +0.85% | 368.37 | 371.42 | 367.10 | 5,366 | 23,039,200 | 8 | 699,815 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 6th Feb. 2025

| Trading Volume | Trading Value |
|---|---|
| 5,483 (Shares) | 23,390,200 (MMK) |

## Main Board

As of 1:00 pm, 6th Feb. 2025

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 5,366 (Shares) | 23,039,200 (MMK) |

| MYANPIX | 371.02 ▲ 3.11 |
|---|---|
| Total Volume (shares) | 5,366 |
| Total Value (MMK) | 23 mil |
| Listed Company | 8 |
| Market Cap. (MMK) | 699,815 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,700 | ▲ 200 |
| MTSH | 00002 | 3,000 | ▼ 50 |
| MCB | 00003 | 8,200 | ▲ 0 |
| FPB | 00004 | 1,800 | ▲ 0 |
| TMH | 00005 | 3,200 | ▲ 0 |
| EFR | 00006 | 1,650 | ▲ 0 |
| AMATA | 00007 | 3,850 | ▲ 0 |
| MAEX | 00008 | 3,150 | ▲ 50 |